မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F __ Volume 13/Issue 11/November/ 2020*







စကားပြောသော်၎င်း၊ အမှုဆောင်ရွက်သော်၎င်း၊ သခင်ယေရှု၏နာမတော်ကို ထောက်၍
ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက်၊ ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု
ခမည်းတော်ဘုရား သခင့်ရှေ့၌ ဝန်ခံကြလော့။ (ကောလောသဲ၊၃း၁၇)

## VIRTUAL CHURCH SERVICE

### Watch at home!



*BCF online Worship Service is available*
*at bcfla.org*
*Starting at 2:00PM every Sunday.*

*To watch previous Virtual Sunday Service*
*select image gallery tab.*

*BCF Worship Service will only be available online*
*until further notice!!*

++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++

**NOVEMBER 2020**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 | 25 | 26 | 27 | 28 |
| 29 | 30 | | | | | |

***November 1, 2020 .... 2:00 PM, Communion Day Service***

***November 8, 2020 .... 2:00 PM, Christian Home & Family***

***November 26, 2020 .... 2:00 PM, Thanksgiving Service***



# ကျေးဇူးချီးမွမ်းခြင်းဆိုင်ရာ
# သမ္မာကျမ်းချက်များ

**ဆာလံ၊ ၇း၁၇။** ငါမူကား ထာဝရဘုရား၏ တရားသော အမှုတော်ကို ချီးမွမ်း၍
အမြင့်ဆုံးသော ထာဝရဘုရား၏ နာမတော်ကို ထောမနာ သီချင်းဆိုပါမည်။

**ဆာလံ၊ ၉း၁–၂။** အိုထာဝရဘုရား၊ အကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကို ချီးမွမ်း
ပါမည်။ အံ့ဘွယ်သောအမှု တော်ရှိသမျှတို့ကို ပြဆွန်ပါမည်။ ကိုယ်တော်ကို
အမှီပြု၍ဝမ်းသာရွှင်လန်းပါမည်။ နာမတော်ကို ထောမနာ သီချင်းဆိုပါမည်။

**ဆာလံ၊ ၂၈း၇။** ထာဝရဘုရားသည် ငါ၏ ခွန်အားဗလ၊ ငါ၏ အကွယ်အကာ ဖြစ်တော်မူ၏။
ငါ့နှလုံးသည် ထိုဘုရားကို ကိုးစား၍ ငါ့ကို စောင့်မတော်မူသောကြောင့်၊
ငါ့နှလုံးသည် ရွှင်လန်းလျက်ရှိ၏။ သီချင်းဆိုလျက်ဂုဏ်တော်ကိုငါချီးမွမ်းမည်။

**ဆာလံ၊ ၉၅း၁–၃။** လာကြ။ ထာဝရဘုရားအား ရွှင်လန်းသီချင်း ဆိုကြကုန်အံ့။
ငါတို့သည် ကယ်တင်ခြင်းသို့ရောက်ရာ ကျောက်ကို  ကျူးကြေကုန်အံ့။
ကျေးဇူးတော်ကို ချီးမွမ်းလျက် ရှေ့တော်သို့ဝင်၍၊ ဆာလံသီချင်းဆိုလျက်
ကျူးသောအသံကို ပြုကြကုန်အံ့။ ထာဝရဘုရားသည် ကြီးမြတ်သော
ဘုရား၊ ဘုရားတကာတို့ထက် ကြီးမြတ်သောဘုရင် ဖြစ်တော်မူ၏။

**ဆာလံ၊ ၆၇း၃။** အိုဘုရားသခင်၊ လူများ တို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။
လူအများအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါစေသော။

**ဆာလံ၊၁၀၀း၁–၅။** မြေကြီးသားအပေါင်းတို့၊  ထာဝရဘုရားအား ကြွေးကြော်ကြလော့။
ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့။
ရွှင်လန်းစွာ သီချင်းဆိုလျက်၊ အထံတော်သို့ ဝင်ကြလော့။
ထာဝရဘုရားသည် ဘုရားသခင်ဖြစ် တော်မူသည်ကို သိမှတ်ကြလော့။
ထာဝရဘုရားသည်ငါတို့ကို ဖန်ဆင်းတော်မူ၍၊ ငါတို့၏ အရှင်ဖြစ်တော်မူ၏။
ငါတို့သည်လည်း၊ ထာဝရဘုရား၏လူဖြစ်ကြ၏။
အထံတော်၌ ကျက်စားသောသိုးစုလည်း ဖြစ်ကြ၏။
ကျေးဇူးတော်ကို ကြီးမားပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုဝင်း၊
ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်းတော်တို့ကိုဝင်း ဝင်ကြလော့။
ကျေးဇူးတော်ကို ချီမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။
အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။
ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။

**ဆာလံ၊ ၆၉း၃၀။** ငါသည် ဘုရားသခင်၏ နာမတော်ကို ထောမနာသီချင်းဆိုမည်။
ကျေးဇူးတော်ကိုပြု၍ ဘုရားသခင်ကို ချီးမွမ်းမည်။

**ဆာလံ၊ ၅၀း၁၄၊၂၃။** ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ဘုရားသခင်အား ပူဇော်လော့။
သစ္စာကတိထားသည်အတိုင်း အမြင့်ဆုံးသောဘုရား၌ သစ္စာဝတ်ကို
ဖြေလော့။ --- ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ပူဇော်သော သူသည်
ငါ၏ဘုန်းကို ထင်ရှားစေသောသူ ဖြစ်၏။

**ဆာလံ၊ ၁၀၆း၁။** ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲ
တည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။

**ဆာလံ၊၁၀၇း၁၊ ၈။** ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ ကရုဏာတော်အစဉ်အမြဲ
တည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
လူသားတို့၌ ပြုတော်မူသောကရုဏာနှင့် အံ့ဘွယ်သောအမှုတော်တို့ကို
ထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။

**ဆာလံ၊ ၁၁၇း၁–၂။** လူမျိုးအပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့။
လူအနွယ်အပေါင်းတို့ အလွန်ချီးမွမ်းကြလော့။ အကြောင်းမူကား ၊ ငါတို့၌
ကရုဏာတော်ကြီးလှ၏။ ထာဝရဘုရား၏သစ္စာတော်သည် အစဉ်အမြဲ
တည်၏။ ဟာလေလုယ။

**ဆာလံ၊၁၁၈း၁–၄။** ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော် အစဉ်အမြဲတည်
သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလော့။ ကရုဏာတော် အစဉ်အမြဲ
တည်သည်ဟု ဣသရေလအမျိုး ဝန်ခံစေ။ ကရုဏာတော် အစဉ်အမြဲတည်
စေဟု အာရုန်အနွယ် ဝန်ခံစေ။ ကရုဏာတော် အစဉ်အမြဲတည်စေဟု
ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့သည် ဝန်ခံကြစေ။

**ဆာလံ၊၁၁၈း၂၈–၂၉။** ကိုယ်တော်သည် အကျွန်ုပ်၏ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမွမ်း
ပါမည်။ အကျွန်ုပ်၏ဘုရားဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမြှောက်ပါမည်။
ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော် အစဉ်အမြဲ
တည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။



**<u>ကောလောသဲ၊၄း၂</u>။** ဆုတောင်းပဌာနပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် စောင့်ရှောက်ကြလော့။

**<u>၁သက်၊၅း၁၆–၁၈</u>။** ကာလအစဉ်ကြိုးစား၍ ကျေးဇူးပြုကြလော့။ အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ မခြားမလပ် ဆုတောင်း ပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။

**<u>ဖိလိပ္ပိ၊၄း၆–၇</u>။** အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာ ပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံး တို့ကို စောင့်မလိမ့်မည်။




# ဆုတောင်းခြင်းဖြင့်ပါဝင်ရန်–



PRAYING and THINKING of you

Our thoughts and prayers are
with victims and families affected
by pandemic and tragedy

**ဆုတောင်းခြင်း –**

ယုံကြည်သူခရစ်ယာန်များအနေနှင့် လူတိုင်းလုပ်ဆောင်နိုင်သည့် တန်ခိုးပါသောအမှုမှာ ‘ဆုတောင်းပဌနာပြုခြင်း’ ပင်ဖြစ်သည်။

ဆုတောင်းခြင်းကို လူကြီး/လူငယ် မရွေး၊ ကျန်းမာသည် ဖြစ်စေ/ ဖျားနာသည် ဖြစ်စေ၊ ခရစ်ယာန်တိုင်း ပါဝင်ဆုတောင်းနိုင်သည်။

ဓမ္မဟောင်းခေတ်ကာလတွင် တစ်နိုင်ငံလုံး ဘေးဒုက္ခနှင့် တွေ့ကြုံရသည့်အခါ ရှင်ဘုရင်၊ ပယောဖက်များ၊ ခေါင်းဆောင်ကြီးများက တစ်မျိုးသားလုံးကို အစာရှောင်၍ လျော်တေအဝတ်ကို ဝတ်စေပြီး ကြိုးစား၍ ဘုရားသခင်ထံဆုတောင်းကြသည်။ ထိုကဲ့သို့ ထူးခြားစွာ လုပ်ဆောင်ခြင်းမှ ပေါ်ပေါက်လာသောရလဒ်မှာ ဘုရားသခင်ကိုယ်တော်တိုင် နားညောင်း၍ ထူးတော်မူကြောင်းသိရှိရပါသည်။ ထိုလူအပေါင်းတို့ အောင်မြင်ခြင်းကို ရကြသည်။ ဘေးဒုက္ခမှ လွတ်မြောက်ရကြသည်။

၂၀၂၀ တစ်နှစ်လုံးနီးပါး ကမ္ဘာအနှံ့အပြား Covid-19 ကူးစက်ရောဂါ ပျံ့ပွါး၍ ကုသရေးလုပ်ငန်းများ၊ သဘာဝဘေးဒဏ် မီး၊ရေ၊လေ၊မြေလျှင်၊စူနားမီး၊ အပြင် အချို့နေရာများတွင် ပိုးမွှား၊ ကျိုင်းကောင်များအုပ်စုနှင့်ကိုက်စားပျက်စီးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေမြုပ်ပျက်စီးခြင်း တို့ကြောင့် စပါး၊ဂျုံ၊ပြောင်း မှအစ အသီးအနှံများ ထွက်နှုန်းလျော့လာ၏။ လူအများ ဒုက္ခနှင့် ရင်ဆိုင်နေရကြ၏။ ရန်လိုမုန်းတီးမှုများ၊ တိုက်ခိုက်သတ်ဖျက်မှုများ၊ ခိုးယူလုယက်မှုများ စသည့်တို့ ကင်းရှင်းပပျောက်ရန်အတွက် ဆုတောင်းပေးရမည်။ တဦးချင်းဖြစ်စေ၊ မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ အသင်းတော်နှင့်ဖြစ်စေ၊ အထူးဆုတောင်းပေးကြပါ။ ဆုတောင်းပဌနာပြုခြင်းသည်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေ၍ ကျွန်ုပ်တို့တောင်းလျှောက်သောအသံ ဘုရားသခင်ထံရောက်ရန် အဓိကသော့ချက် ဖြစ်သည်။

## ဆုတောင်းချက်များ –

ဘုရားသခင်၏ဘုန်းတော် ထင်ရှားရန် ။– မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေရန် ။– လူအပေါင်းတို့အပေါ် မေတ္တာကရုဏာတော်ကြီးမားသော ဘုရားသခင်ကို ချီးမွမ်းခြင်း ရှိစေရန် ။– ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် ယေရှုခရစ်တော်၏ မွေးဖွားလာခြင်း၊ အမှုတော်ဆောင်ခြင်း၊ ကားတိုင်ပေါ်တွင် အသက်တော်စွန့်ခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း အကြောင်းတို့ကို နှလုံးသွင်းဆင်ခြင်ရန် ။–

တိုင်းနိုင်ငံအသီးသီး၏ခေါင်းဆောင်ကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ကို နှုတ်ကပတ်တော်နှင့် အညီမေတ္တာပို့ ဆုတောင်းပေးကြရန် ။–

သဘာဝဘေးဒဏ်များကြောင့် အိုးအိမ်နှင့်ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရသူ မိသားစုများ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ခွင့်ပေးရန် ။–

Covid-19 ကူးစက်ပျံ့ပွါးကပ်ရောဂါကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစု နှင့်ပူဆွေးဒုက္ခရောက်နေကြသူများအပေါ် ဘုရားသခင်၏ကျေးဇူးကရုဏာအပေါင်း သက်ရောက်၍ ကျန်းမာခြင်း၊ နှစ်သိမ့်ခြင်း၊ ကွယ်ကာစောင့်ထိန်းခြင်း ရရှိစေရန် ။–

Covid-19 ဒုက္ခမှလွတ်မြောက်ပြီး ကျန်းမာခြင်း ပြန်လည်ရရှိရန် –

မိမိတို့ရပ်ရွာနှင့်နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေကြရသူများ၊ ခိုကိုးရာမဲ့ ဒုက္ခသည်များ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ စသည်တို့ အတွက် စိတ်ပူပန် သောကရောက်နေသူအများ ပြဿနာပြေလည်စေရန် ။–

အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်သူအမျိုးသမီး များနှင့်မသန်မစွမ်းဒုက္ခိတများ၊ လိုအပ်ချက်များ အဆင်သင့်ရရှိရန် ။–

ကမ္ဘာနေရာအနှံ့အပြားတွင် ရှေ့တန်းမှပါဝင်၍ ကိုယ်ကျိုးစွန့်ကာ ရောဂါခံစားနေရသော ဒုက္ခဝေနာသည်များကို ဆေးကုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ လုပ်ငန်းခွင်အဆင့်ဆင့်တွင် အမှားအယွင်းမရှိ မှန်ကန်စွာ လုပ်ဆောင်နိုင်ဖို့ လမ်းပြညွှန်ကြားပေးရန် ။–

ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်သူများ၊ လုပ်အားပေးသူများအားလုံးအတွက် လုံလောက်သောအကူအညီ၊ အထောက်အပံ့ ရရှိရန်၊ –

ယုံကြည်သူများနှင့် သာသနာအမှုတော်ဆောင်များသည် ကျရာနေရာမှ အခွင့်အရေးရ တိုင်း ခရစ္စမတ်အချိန်၌ ဖွားမြင်တော်မူခဲ့သော ယေရှုခရစ်တော်အကြောင်း သက်သေခံ ပြောကြား ခွင့်ရရန်၊ –

ပျောက်ဆုံးဝိညာဉ်များအတွက် အံ့သြထူးခြားစွာ ဘုရားသခင်၏ဘုန်းတော်ထွန်းလင်းဖို့၊ စစ်မှန်သော ဘုရားကို ရှာနေကြသော လူအပေါင်းတို့ ကယ်တင်ခြင်းကို သိရှိခံစားနိုင်ကြစေရန်။–

**မပြတ်မလပ် ဆုတောင်း ပဌနာပြုကြလော့။ အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။**
**အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။**
**(၁သက်၊၅း၁၇–၁၈)**